# အတွေးအခေါ်ညှိနိုင်းရန် ဗကပ အမြင်ကိုတင်ပြခြင်း

## အမှတ် (၂)

## (၁၅ - ၅ - ၂၀၁၀)

(၁) အခုလုပ်မယ့် ရွေးကောက်ပွဲက 'အမွေခံတွေရဲ့ပြိုင်ပွဲ' ပဲ ဖြစ်မှာပါ။

(က) နေဝင်းစစ်အုပ်စု အမွေခံတွေဖြစ်တဲ့ ကြံ့/ဖွံ့ နဲ့ တစည

(ခ) ဖဆပလ (၁၀) နှစ် (၁၀) မိုး အမွေခံ မျိုးဆက်သစ်တွေ

(ဂ) မိခင် အသက်ထင်ရှားရှိချိန်မှာ အမွေလုချင်တဲ့ ဇကောဇကပါတီ

(ဃ) လူသစ်တန်းတွေလည်း ပါကြတယ်။

(၂) (က) နဲ့ (ခ) ကပဲ အမွေခံအစစ်တွေပါ။ (ဂ) နဲ့ (ဃ) က တကယ်ဆိုတော့ လူသစ်တန်းပါ။

- ရွေးကောက်ပွဲမှာ တကယ်ပြိုင်ကြမှာကလည်း (က) နဲ့ (ခ) ပါ။ သူတို့ (၂) ပါတီကပဲ ငွေအား၊ လူအား ရှိပါတယ်။ ဒါတောင်မှ (က) ကို (ခ) က အင်အားတူ မပြိုင်နိုင်ပါဘူး။
- ဒါကြောင့် လာမယ့် "ရွေးကောက်ပွဲ" က တကောင်တည်းပြေးတဲ့ 'မြင်းပွဲ' ပဲ။ သူက တာထွက်လည်း စောတယ်။ အင်အားလည်း တောင့်တယ်။ ခဲဆွဲခံထားရတာလည်း မဟုတ်ဘူး။ ဒိုင်လူကြီးကလည်း သူ့မြင်းဘက်က ပင်းနေတာဖြစ်လို့ ကြံ့/ဖွံ့ ပဲ ပြတ်ပြတ်သားသား နိုင်မှာပါ။
- ဇကောဇကပါတီ (NDF ဆိုတာ) က 'ငပိုက်ကြီး' ဘဝမျိုးနဲ့ ဇာတ်သိမ်းမှာပဲ။ (မြင်ကွန်း - မြင်းခုန်တိုင်အရေးမှာ မင်းတုန်းမင်း ထွက်ပြေးလာမယ့်လမ်းကနေ လုပ်ကြံဖို့ ခြားထမ်းစောင့်နေတဲ့ 'ငပိုက်ကြီး' က မင်းတုန်းမင်းကို မသတ်ရဘဲ ကျောပိုးပြီး လွတ်ရာပို့ခဲ့ရတယ်။) အမေကို ကာပြန်ပြီး တစင်ထောင်တဲ့ NDF ဟာ အကျနာမယ်။ ဇာတ်သိမ်းကောင်းမှာ မဟုတ်ပါဘူး။

(၃) 'ရွေးကောက်ပွဲ' က စစ်အာဏာရှင်စနစ်ရဲ့ လက္ခဏာကို ပိုပြီးပွင့်ကျစေလိမ့်မယ်။ နေဝင်း မဆလ ကို '၁၉၇၄ အခြေခံဥပဒေ' နဲ့ ရွေးကောက်ပွဲက ပွင့်ကျစေခဲ့သလိုပဲ ဖြစ်လိမ့်မယ်။

(၁၉၆၂) ဇူလိုင် အရေးအခင်းပြီးကတည်းက ငြိမ်နေတဲ့ ကျောင်းသားနဲ့လူထု လှုပ်ရှားမှုဟာ ၁၉၇၄ မှာ ပြန်ပေါ်လာသလိုပဲ ဖြစ်လိမ့်မယ်။

ဒီတခါ ထူးခြားမှာက နိုင်ငံတကာ့ခွင် (ဂွင်) မှာ စစ်အစိုးရ အနေမချောင်တာပဲ။ ပြီးတော့ ပြည်တွင်းအခြေအနေက (၁၉၇၄) နဲ့ မတူတာပဲ။

၁၉၇၄ တုန်းက မဆလ ဟာ 'အခြေခံဥပဒေ' ရေးဆွဲရေးမှာ ဘာအဟန့်အတားမှ မရှိဘူး။ ချောချောရှူရှူ လုပ်သွားတာပဲ။ ဝိုင်းမယ့်ဝန်းမယ့်လူတွေကလည်း များတယ်။ နိုင်ငံရေးသမားတွေရော အနုပညာရှင်တွေရော ဝိုင်းပြီးပံ့ပိုးပေးလိုက်ကြတာပါ။ ၁၉၇၄ အခြေခံဥပဒေကို ဗကပ ကလည်း အသံလွှင့်ရုံကပဲ ဆန့်ကျင်နိုင်တာပါ။ ဗကပ (ဗဟို) က ကိုယ့်ကိစ္စနဲ့ကိုယ်ရှုပ်ပြီး သေလုမြောပါး ရုန်းကန်နေရချိန်ပါ။

အခုတော့ အဲဒါတွေနဲ့ ပြောင်းပြန်ပဲ။ ဥပဒေရေးဆွဲစကတည်းက ထစ်ငေ့ါနေတာ အခုအထိပဲ။ ကန့်ကွက်သူ ဆန့်ကျင်သူကလည်း များတယ်။

(၄) အခုလိုနေတာက ပြန့်ကျဲနေတဲ့အားကို စုစည်းဖို့ပဲ။

- အတွေးအခေါ် စုစည်းဖို့
- လုပ်ဟန်စုစည်းဖို့
- အဖွဲ့အစည်းတွေ စုစည်းဖို့

ဒီ (၃) ခုကို အစီအစဉ်ရှိရှိ ဖြည်းဖြည်းမှန်မှန်လုပ်ဖို့ ဖြစ်ပါတယ်။ လောလို့ မဖြစ်ပါဘူး။ ဂျပန့်ခေတ် စုစည်းမှုမျိုးကို မျှော်လင့်လို့ မရပါဘူး။ ဟိုတုန်းကနဲ့ လုံးလုံးမတူပါဘူး။ စစ်ကြီးဖြစ်နေချိန်လည်း မဟုတ်ပါဘူး။

အတွေးအခေါ် စုစည်းနိုင်ဖို့ 'ညှိနှိုင်းရန်တင်ပြခြင်း' ကို ဗကပ က လုပ်နေတာဟာ အားလုံးနဲ့ညှိနှိုင်းလိုလို့ ဖြစ်ပါတယ်။

အတွေးအခေါ် ညီလာရင် လုပ်ဟန်ညီဖို့ မခက်တော့ပါ။

ဒါကြောင့် မတူတဲ့အတွေးအခေါ် ရှိရင် ဗကပ သိလိုပါတယ်။ လေးလေးစားစား၊ လေးလေးနက်နက် စဉ်းစားပါမယ်။ ညှိပါမယ်။